**ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး**

**တတိယနေ့ အစီအစဉ်**

**[ ၃- ၁၀ - ၂၀၁၃ ]**

**( ကြာသပတေးနေ့ )**

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ရှိ အခြေခံပညာ ဖွဲ့စည်းပုံစနစ် "သူငယ်တန်း (Grade 1 ) + ၄ + ၄ + ၂ " အစား ပြောင်းလဲ ကျင့်သုံးအကောင်အထည်ဖော်မည့် စနစ်အား ပညာရေးလုပ်သား ဆရာ/ ဆရာမ များနှင့် မိဘပြည်သူများသို့ အသိပေးရှင်းလင်းနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **အင်္ဂပူမြို့နယ်၊ အင်ပင်ကုန်းကျေးရွာအုပ်စု၊ မြစ်ပုတ်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာ မူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာ မူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရေနံချောင်းမြို့နယ်၊ ဆေးပုလဲတောကျေးရွာ၊ အမှတ်(၉၄)အခြေခံပညာမူလတန်းကျောင်းမှ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ x ၃၀) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။